ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် ဧပြီလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly
# INFLATION REPORT
May, 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ် ဧပြီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ် ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ် ဧပြီလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၆၆.၉၅** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၃၁.၀၃** ရှိပါသည်။ **၂၀၁၉ ခုနှစ် ဧပြီလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၅၂.၀၃** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၅၀.၁၃** နှင့် နှိုင်းယှဉ်ပါက **၁.၂၇%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ် ဧပြီလ၏ စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၆.၅၈** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၂၆.၁၇** နှင့် နှိုင်းယှဉ်ပါက **၀.၃၃%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ် ဧပြီလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၅၂.၀၃** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၉.၈၂** နှင့် နှိုင်းယှဉ်ပါက **၈.၇၃%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ် ဧပြီလ၏ Core CPI မှာ ၁၂၆.၅၈ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၁၉.၀၈** နှင့် နှိုင်းယှဉ်ပါက **၆.၃၀%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ် ဧပြီလတွင် အစားအစာအုပ်စု(Food)** ၏ ဈေးဆနှုန်းမှာ **၁၆၆.၉၅** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၅၂%** မြင့်တက်လာပါသည်။ ဆန်(ဧမိန်၊ ဧည့်မထ၊ ငကြွဲ)၊ ကောက်ညှင်း၊ ဂျုံမှုန့်ဈေးနှုန်းများ၊ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ ကြက်သား၊ ဘဲသား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားဈေးနှုန်းများ၊ ငါးအစိုနှင့် ငါးအခြောက်ဈေးနှုန်းများ၊ ပုစွန်ကျော့ဈေးနှုန်းများ၊ ကြက်ဥ၊ ဘဲဥဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ၊ ဧရာတ်သီးခြောက်(အရှည်) ဈေးနှုန်းများနှင့် အချို့ပဲဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ် ဧပြီလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၃၁.၀၃** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၈၁%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်လာပါသည်။ ထို့အပြင် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊

စပို့ရှပ်၊ ဖိနပ်(သားရေစိမ်း/ရော်ဘာ)နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာလည်း ယခင်လကထက်သိသိသာသာ မြင့်တက်လာပါသည်။ သို့ရာတွင် ရွှေဈေးနှုန်းမှာမူ ယခင်လကထက် အနည်းငယ် ဆက်လက်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုမရှိသော်လည်း နိုင်ငံခြားငွေလဲနှုန်း နှင့် ဆက်စပ်လျက်ရှိသော သွင်းကုန်ဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းသည့်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရေနံစိမ်းဈေးနှုန်းများ သိသိသာသာ မြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း ဆက်လက်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၆။ ၂၀၁၉ ခုနှစ် ဧပြီလတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အသား၊ ငါးနှင့်ဥ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပြည်တွင်း လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်း နှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်း တို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ **၂၀၁၉ ခုနှစ် ဧပြီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၇.၅၁%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၅.၉၈%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ ၈.၇၃ % ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၆.၃၀%ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(ဆန်းမြင့်)

ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်












## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ် ဧပြီလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ် မတ်လ နှင့် ၂၀၁၉ ခုနှစ် ဧပြီလ စားသုံးသူဈေးဆန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ် ဧပြီလ နှင့် ၂၀၁၉ ခုနှစ် ဧပြီလ စားသုံးသူဈေးဆန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၉ ခုနှစ် မတ်လ နှင့် ၂၀၁၉ ခုနှစ် ဧပြီလ စားသုံးသူဈေးဆန္ဒန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ် ဧပြီလအတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၅၂.၀၃ ဖြစ်ရာ ယခင်လအခြေအနေ ၁၅၀.၁၃ နှင့် နှိုင်းယှဉ်ပါက ၁.၂၇% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆက်သွယ်ရေးအုပ်စု နှင့် အထွေထွေကုန်ပစ္စည်းအုပ်စု တို့မှာ အနည်းငယ်ကျဆင်းနေသည်မှလွဲ၍ ကျန်အုပ်စုများမှာမူ ယခင်လကထက် သိသာစွာမြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၆၆.၉၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၅၂% မြင့်တက်လာပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ၀.၂၈% မြင့်တက်လာပြီး မြေပဲဆီ ၀.၆၀%၊ နှမ်းဆီ ၀.၆၃%၊ ကြက်သား ၀.၈၂%၊ အမဲသား ၂.၃၂%၊ ဘဲဥ ၁.၈၉%၊ ကြက်ဥ ၂.၈၆%၊ ငါးခူ ၂.၉၁%၊ ငါးရံ့ ၃.၆၁%၊ ငါးမြစ်ချင်း ၃.၄၃%၊ ပုစွန်ခြောက် ၀.၅၀%နှင့် ငါးရံ့ခြောက် ၁.၇၃% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနှုန်းများမှာ သိသိသာသာ မြင့်တက်လာသော်လည်း ကြက်သွန်နီ ဈေးနှုန်းမှာ ကျဆင်းလာပါသည်။ ထို့အပြင် ဆား၊ အချိုမှုန့်နှင့် နနွင်းမှုန့်ဈေးနှုန်းများလည်း မြင့်တက်နေပါသည်။ သစ်သီးများဖြစ်ကြသော ငှက်ပျောသီး၊ အုန်းသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ သံပုရာသီး၊ ရှောက်သီး ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များ ဖြစ်ကြသော ခရမ်းချဉ်သီး၊ မုန်လာဥဖြူ၊ သခွားသီးနှင့် ပဲတောင့်ရှည်သီး ဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိပါသည်။

ပဲဈေးနှုန်းများတွင် ပဲနီလေး၊ ထောပတ်ပဲနှင့် ပဲကြားဈေးနှုန်းများမှာ အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၄၄.၆၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၈၉% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း)၊ ကွမ်းရွက်နှင့် ကွမ်းသီး (အခြမ်း)ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၂၅.၂၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၂၅% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း)၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအတို၊ ဘောင်းဘီအရှည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ သားရေဖိနပ် နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၅၄.၄၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၂၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော ဓနိ၊ သက်ကယ်၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ ဘိလပ်မြေ၊ အုတ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ်၊ မီးသွေးနှင့် ရေဖိုးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် အိမ်ပြုပြင်ခြင်းများ ပြုလုပ်လာကြသဖြင့် အိမ်ဆောက်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လာပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၂၇.၀၆ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၃၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ဖျာ(သင်ဖျူး)၊ ခြင်ထောင်၊ ရေခဲသေတ္တာ၊ သောက်ရေအိုး၊ မီးအားမြှင့်စက်၊ ရေစုပ်စက်၊ အဝတ်လျှော်ဆပ်ပြာနှင့် ဖယောင်းတိုင်ဈေးနှုန်းများ အနည်းငယ် ဆက်လက်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၅၀.၇၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၂၂% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆေးရုံစရိတ်၊ ဆေးဈေးနှုန်းများနှင့် ဆေးကုသခဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၁၄.၃၉ ရှိ၍ ယခင်လအခြေအနေ ၁၁၁.၉၃ နှင့် နှိုင်းယှဉ်ပါက ၂.၂၀% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၉၂၈.၀၆ ကျပ် မှ ၄၂၃၄.၇၈ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၅၀၃.၀၆ ကျပ် မှ ၄၆၅၁.၉၇ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၀၁.၆၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများ အနည်းငယ် ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၁၉.၉၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၉.၀၂ % ဖြင့် သိသာစွာမြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်နှင့် ဗလာစာအုပ်ဈေးနှုန်းများ မြင့်တက်လာရာတွင် သတင်းစာဈေးနှုန်းမှာ တစ်လလျှင် ၂၅၀၀ ကျပ် မှ ၅၀၀၀ ကျပ်သို့ ၁၀၀% မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၃၄.၁၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၁၇% မြင့်တက်လာပါသည်။ နွေရာသီကျောင်းပိတ်ရက် ဖြစ်သဖြင့် သင်တန်းတက်သူများပြားလာ၍ ဤအုပ်စုအတွင်းရှိ သင်တန်းကြေးဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၂၇.၀၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု

အတွင်းပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ ကြေးအိုး၊ ဒံပေါက်၊ လက်ဖက်အစို နှင့် နှစ်ပြန်ကြော်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဠ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၃၇.၀၀ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၅% ကျဆင်းလာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော သွားတိုက်ဆေး၊ ရွှေ၊ လက်ဝတ်ရတနာ နှင့် နာရီဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၃၁.၀၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၈၁% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၈ ခုနှစ် ဧပြီလ နှင့် ၂၀၁၉ ခုနှစ် ဧပြီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ် ဧပြီလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၅၂.၀၃ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၅၀.၁၃ နှင့် နှိုင်းယှဉ်ပါက ၈.၇၃% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါကသိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၆၆.၉၅ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလ အခြေအနေ ၁၅၁.၅၇ နှင့် နှိုင်းယှဉ်ပါက ၁၀.၁၅% ဖြင့် သိသိသာသာ မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၇.၉၆% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၈.၁၇%၊ နှမ်းဆီ ၁၃.၂၉%၊ ကြက်သား ၃.၂၁%၊ ဝက်သား ၂.၁၄%၊ အမဲသား ၂၅.၂၄%၊ ဘဲဥ ၁၆.၂၃%၊ ကြက်ဥ ၁၂.၉၆%၊ ငါးခူ ၁၀.၉၈%၊ ငါးရံ့ ၉.၇၂%၊ ငါးမြစ်ချင်း ၅.၉၈%၊ ပုစွန်ခြောက် ၁၁.၃၃%၊ ငါးရံ့ခြောက် ၇.၆၄%နှင့် ရေကျိုငါးပိ ၀.၉၅% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အလားတူ ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၉.၂၃% မြင့်တက်လျက်ရှိပါသည်။ သို့သော် မီးဖိုချောင်သုံးပစ္စည်းများတွင် အာလူး ၈.၇၁% မြင့်တက်လျက်ရှိသော်လည်း ကြက်သွန်နီ ၃၁.၇၆%၊ ကြက်သွန်ဖြူ ၁၈.၀၂%နှင့် ကုလားပဲခြမ်း ၁၄.၅၄% တို့ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၄၄.၆၁ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၁.၈၈% ကျဆင်းနေပါသည်။ ဤအုပ်စု

တွင် ပါဝင်သော ကွမ်းရွက်နှင့် ကွမ်းသီး (အခြမ်း/အလုံး) ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၂၅.၂၄ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလ နှင့် နှိုင်းယှဉ်ပါက ၄.၉၉% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)၊ သားရေဖိနပ်နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၅၄.၄၃ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၅.၆၄% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဂက်(စ်) ဓာတ်ငွေ့နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၂၇.၀၆ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၇.၉၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၅၀.၇၈ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၈.၂၉% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၁၄.၃၉ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၉.၂၈% ဖြင့် ဆက်လက်မြင့်တက်လာ

ပါသည်။ ယင်းအုပ်စုဈေးဆန္ဒန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၃၉၃၈.၈၀ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၆၅၁.၉၇ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၃၉၀၅.၄၈ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၂၃၄.၇၈ ကျပ်သို့ လည်းကောင်းမြင့်တက်လာခဲ့ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဥ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဥ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့် တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၀၁.၆၆ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၀.၈၇% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၁၉.၉၉ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီ နှင့် နှိုင်းယှဉ်ပါက ၁၂.၇၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဗူး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၃၄.၁၂ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၇.၁၀% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၂၇.၀၅ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၃.၆၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်အစိုနှင့်

နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၃၇.၀၀ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၉.၂၁% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၀.၉၆%၊ သနပ်ခါး ၁၀.၆၃%၊ မိတ်ကပ် ၁၆.၄၅%၊ သွားတိုက်ဆေး ၁၇.၃၉%နှင့် လွယ်အိတ် ၂၆.၅၅% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလ၌ ၁၃၁.၀၃ ရှိ၍ ၂၀၁၈ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၆.၂၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူစျေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူစျေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဧပြီလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူစျေးဆနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မေလတွင် ၁၄၀.၂၄ ရှိရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ၁၄၈.၉၅ သို့ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်း စျေးနှုန်းများ ကျဆင်းလာခြင်း၊ ဆန်အသစ် ပေါ်ချိန်ဖြစ်၍ စျေးနှုန်းများ ကျဆင်းလာခြင်း၊ ဆောင်းရာသီဖြစ်ခြင်းကြောင့် အသီးအနှံစျေးနှုန်းများ၊ ဟင်းသီးဟင်းရွက် စျေးနှုန်းများနှင့် ကုန်ချောက်ပစ္စည်းစျေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူစျေးဆနှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ နိုင်ငံခြားငွေလဲနှုန်းများ ဆက်တိုက်ကျဆင်းလာသော်လည်း၊ အသား၊ငါးနှင့်ဥစျေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရွှေစျေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် စားသုံးသူစျေးဆနှုန်း ပြန်လည်မြင့်တက်လာခဲ့ရာ ဧပြီလ၌ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

၂။ ၂၀၁၉ ခုနှစ် ဧပြီလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူစျေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ၂.၅၇% ဖြင့် အများဆုံး မြင့်တက်လာပြီး ကရင်ပြည်နယ်တွင် ဂ.၁၀% ဖြင့် အနည်းဆုံးမြင့်တက်နေပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မေလတွင် ၅.၉၀% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင်

၈.၈၅% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ပွင့်လင်းရာသီ ဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ရာသီဥတုအခြေအနေပြန်လည် ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ ၆.၁၄% သို့ လျော့နည်းလာပါသည်။ သို့သော် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ၆.၆၉% သို့ အနည်းငယ် ပြန်လည် မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလတွင်လည်း ၈.၇၃% ဖြင့် ဆက်လက်မြင့်တက်လျက်ရှိပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီလအထိ တစ်နှစ်ပျမ်းမျှ ၇.၅၁% ရှိ၍ ၂၀၁၉ ခုနှစ် မတ်လအထိ တစ်နှစ်ပျမ်းမျှ ၇.၂၈% နှင့် နှိုင်းယှဉ်ပါက ၀.၂၃% ပိုမို လာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းများကိုလေ့လာပါက ၂၀၁၈ ခုနှစ် မေလတွင် ၄.၂၉% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့် တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလတွင် ၇.၅၁%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလ အတွင်း ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၁.၄၀% ဖြင့် အမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၀.၂၀% ဖြင့် ဒုတိယအမြင့်ဆုံး၊ မွန်ပြည်နယ်တွင် ၁၀.၁၆% ဖြင့် တတိယအမြင့်ဆုံး အသီးသီး

ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၃.၅၄% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၄.၂၉% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၁၉ ခုနှစ် ဧပြီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်–

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ဆက်လက်မြင့်တက်လျက်ရှိပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကလည်း များစွာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နှစ်သစ်ကူးပွဲတော်ရှိခြင်း၊ အလှူ အတန်းပြုလုပ်သောရာသီဖြစ်ခြင်း၊ နွေစပါးစိုက်ပျိုးနေချိန်ဖြစ်၍ ဆန်လက်ကျန်နည်းခြင်းနှင့် ဆန်သိုလှောင်သည့်ရာသီချိန် ဖြစ်ခြင်းတို့ကြောင့် ဆန် ဈေးနှုန်းများ မြင့်တက်နေခြင်း ဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံနှင့် နှမ်းများကို ပြည်ပဝယ်လိုအားရှိခြင်းနှင့် အထွက်နည်းခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့သော် ပြည်ပ စားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂.၂၉ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၂၆.၃၃ သို့ မြင့်တက်လာသော်လည်း ပြည်တွင်းစားအုန်းဆီဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလျက်ရှိပါသည်။

(ဂ) အသားငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့်လည်းကောင်း၊ တိရစ္ဆာန်အစာဖြစ်သော ကြက်စာ၊ ငါးစာဈေးနှုန်းများ မြင့်တက်ခြင်း၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ခြင်းတို့ကြောင့် ဝယ်လိုအားမြင့်တက်နေခြင်း စသည့်အကြောင်းရင်းများကြောင့် အသား၊ ငါး ဈေးနှုန်းများမြင့်တက်လာပါသည်။ ထို့ပြင် ရာသီဥတုပူပြင်းသဖြင့် ဥထွက်နှုန်းများကျဆင်းလာပြီး ဘဲဥနှင့် ကြက်ဥဈေးနှုန်းများမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီဥတုပူပြင်းသဖြင့် စိုက်ပျိုးပင်များပျက်စီးမှုရှိ၍ အသီးအနှံထွက်ရှိမှုမှာ လျော့နည်းလာသောကြောင့် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံဈေးနှုန်းများ မြင့်တက်လာပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ မြင့်တက်လာသော်လည်း၊ ကြက်သွန်နီ အသစ်ထွက်ချိန်ဖြစ်၍ ဈေးကွက်အတွင်း ဝင်ရောက်မှုများလာပြီး ကြက်သွန်နီဈေးနှုန်းမှာ သိသိသာသာကျဆင်းလာပါသည်။ ပဲမျိုးစုံဈေးကွက်တွင် ပြည်ပမှ ပြန်လည်ဝယ်ယူမှုများ ရှိလာသောကြောင့် ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၉၈၅၄၁၉.၉၁ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၁.၆၁% ကျဆင်းလာခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀.၉၆% မြင့်တက်လျက် ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၀၃.၁၇ ရှိရာ မှ ၁၂၈၇.၃၇ သို့ ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသည်နှင့်အတူ မြန်မာ့ရွှေဈေးနှုန်းများလည်း လိုက်ပါကျဆင်းလာပါသည်။

(ဆ) ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀.၅၄ မှ ၈၂.၅၃ သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၂.၃၇ မှ ၇၈.၁၉ သို့ သိသိသာသာမြင့်တက်လာသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်နေသော်လည်း ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ် ဧပြီလတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ရှိခြင်း၊ အလှူအတန်း ပေါများသော ရာသီဖြစ်ခြင်း၊ ကျောင်းပိတ်ချိန်ဖြစ်သဖြင့် ခရီးသွားလာသူများပြားလာပြီး လောင်စာဆီအသုံးပြုမှုများပြားလာသောကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ရာသီဥတုအလွန်ပူပြင်း

သဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း မြင့်တက်ခဲ့ပြီး နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် ဧပြီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီလ | မတ်လ | ဧပြီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္ဒနှုန်း** | **၁၀၀.၀၀** | **၁၃၉.၈၂** | **၁၅၀.၁၃** | **၁၅၂.၀၃** | **၁.၂၇** | **၈.၇၃** | **၇.၅၁** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၅၁.၅၇** | **၁၆၄.၄၅** | **၁၆၆.၉၅** | **၁.၅၂** | **၁၀.၁၅** | **၇.၈၁** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၇.၃၇ | ၁၄၀.၉၃ | ၁၄၄.၆၀ | ၁.၈၉ | -၁.၈၈ | ၁.၆၆ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၁၉.၂၈ | ၁၂၄.၉၃ | ၁၂၅.၂၄ | ၀.၂၅ | ၄.၉၉ | ၃.၉၃ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၄၆.၁၈ | ၁၅၄.၁၃ | ၁၅၄.၄၃ | ၀.၂၀ | ၅.၆၄ | ၇.၄၇ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၇.၆၉ | ၁၂၆.၆၅ | ၁၂၇.၀၆ | ၀.၃၂ | ၇.၉၇ | ၅.၈၃ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၉.၂၄ | ၁၅၀.၄၅ | ၁၅၀.၇၈ | ၀.၂၂ | ၈.၂၉ | ၆.၆၉ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၀၄.၆၈ | ၁၁၁.၉၃ | ၁၁၄.၃၉ | ၂.၂၀ | ၉.၂၈ | ၁၀.၅၃ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၅၅ | ၁၀၁.၇၆ | ၁၀၁.၆၆ | -၀.၁၀ | -၀.၈၇ | ၀.၉၃ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၀၆.၄၃ | ၁၁၀.၀၆ | ၁၁၉.၉၉ | ၉.၀၂ | ၁၂.၇၄ | ၃.၅၈ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၅.၂၃ | ၁၃၃.၈၉ | ၁၃၄.၁၂ | ၀.၁၇ | ၇.၁၀ | ၇.၉၇ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၂.၆၂ | ၁၂၆.၉၃ | ၁၂၇.၀၅ | ၀.၀၉ | ၃.၆၀ | ၇.၁၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၅.၄၄ | ၁၃၇.၆၀ | ၁၃၇.၀၀ | -၀.၄၅ | ၉.၂၀ | ၇.၀၈ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၂၃.၂၉** | **၁၂၉.၉၈** | **၁၃၁.၀၃** | **၀.၈၁** | **၆.၂၈** | **၇.၀၃** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္ဒနှုန်း(Core CPI)** | ၃၄.၂၉ | ၁၁၉.၀၈ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၀.၃၃ | *၆.၃၀ | *၅.၉၈ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

### ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
### (၂၀၁၉ ခုနှစ်၊ ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရတန်ခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် ဧပြီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီလ | မတ်လ | ဧပြီလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၂.၉၂ | ၁၅၀.၁၄ | ၁၅၀.၅၂ | ၀.၂၅ | ၅.၃၁ | ၆.၇၇ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၄.၄၁ | ၁၅၄.၁၂ | ၁၅၄.၄၁ | ၀.၁၉ | ၆.၉၃ | ၄.၃၆ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၂၆.၄၂ | ၁၃၇.၉၂ | ၁၃၈.၀၅ | ၀.၁၀ | ၉.၂၀ | ၇.၉၂ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၁.၇၂ | ၁၉၉.၉၁ | ၂၀၀.၅၆ | ၀.၃၂ | ၁၀.၃၆ | ၇.၆၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၃၄.၇၈ | ၁၅၀.၉၃ | ၁၅၃.၀၃ | ၁.၃၉ | ၁၃.၅၄ | ၇.၂၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၂၅.၉၄ | ၁၃၅.၂၁ | ၁၃၆.၃၀ | ၀.၈၁ | ၈.၂၃ | ၈.၁၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၃၆.၆၀ | ၁၄၆.၀၂ | ၁၄၇.၅၄ | ၁.၀၄ | ၈.၀၁ | ၆.၃၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၄၂.၅၁ | ၁၅၇.၇၅ | ၁၆၁.၁၈ | ၂.၁၈ | ၁၃.၁၀ | ၁၁.၄၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၃၄.၄၉ | ၁၄၃.၀၇ | ၁၄၆.၇၄ | ၂.၅၇ | ၉.၁၁ | ၆.၁၈ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၃၁.၂၆ | ၁၄၂.၇၃ | ၁၄၃.၇၉ | ၀.၇၄ | ၉.၅၅ | ၁၀.၁၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၇၆.၁၈ | ၁၈၄.၁၈ | ၁၈၅.၉၂ | ၀.၉၅ | ၅.၅၃ | ၉.၁၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၃.၇၂ | ၁၃၈.၇၁ | ၁၃၉.၄၆ | ၀.၅၄ | ၄.၂၉ | ၅.၆၀ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၁.၇၄ | ၁၆၀.၄၈ | ၁၆၁.၂၃ | ၀.၄၇ | ၆.၂၅ | ၇.၇၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၀.၉၂ | ၁၅၀.၈၄ | ၁၅၃.၉၄ | ၂.၀၅ | ၉.၂၃ | ၆.၄၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၉.၂၃ | ၁၃၃.၉၄ | ၁၃၆.၉၉ | ၂.၂၈ | ၆.၀၁ | ၄.၄၉ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၀.၄၄ | ၁၅၀.၉၂ | ၁၅၂.၁၈ | ၀.၈၃ | ၈.၃၆ | ၇.၃၇ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၃၄.၇၂ | ၁၄၃.၈၇ | ၁၄၆.၄၁ | ၁.၇၇ | ၈.၆၈ | ၁၀.၂၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၀.၀၉ | ၁၄၀.၅၂ | ၁၄၂.၅၅ | ၁.၄၅ | ၉.၅၈ | ၇.၄၇ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၉.၈၂** | **၁၅၀.၁၃** | **၁၅၂.၀၃** | **၁.၂၇** | **၈.၇၃** | **၇.၅၁** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ် ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် မတ်လ (ကျပ်) | ၂၀၁၉ ခုနှစ် ဧပြီလ (ကျပ်) | ၂၀၁၈ ခုနှစ် ဧပြီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၀၀.၀၀ | ၁၅၀၄.၂၃ | ၁၃၉၃.၃၆ | ၀.၂၈ | ၇.၉၆ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၃၀၄.၃၅ | ၆၃၄၂.၃၉ | ၅၃၆၇.၀၉ | ၀.၆၀ | ၁၈.၁၇ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၅၁၀.၆၃ | ၆၅၅၁.၈၈ | ၅၇၈၃.၁၃ | ၀.၆၃ | ၁၃.၂၉ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၇၉.၀၃ | ၂၀၇၁.၉၄ | ၂၁၀၉.၂၉ | -၀.၃၄ | -၁.၇၇ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၁၆၂.၃၆ | ၇၂၂၁.၂၉ | ၆၉၉၆.၅၈ | ၀.၈၂ | ၃.၂၁ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၃၄၈.၃၁ | ၉၃၅၂.၃၆ | ၉၁၅၆.၄၆ | ၀.၀၄ | ၂.၁၄ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၃၀၆၃.၂၆ | ၁၃၃၆၆.၀၅ | ၁၀၆၇၂.၁၇ | ၂.၃၂ | ၂၅.၂၄ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၃၇.၇၂ | ၁၈၇၂.၄၁ | ၁၆၁၀.၉၉ | ၁.၈၉ | ၁၆.၂၃ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၃၀.၆၈ | ၁၃၆၈.၆၈ | ၁၂၁၁.၆၀ | ၂.၈၆ | ၁၂.၉၆ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၃၈၉.၄၄ | ၈၆၃၃.၈၉ | ၇၇၈၀.၀၀ | ၂.၉၁ | ၁၀.၉၈ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၃၅၈.၀၃ | ၈၆၆၀.၁၀ | ၇၈၉၂.၇၅ | ၃.၆၁ | ၉.၇၂ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၆၄၇.၃၂ | ၄၈၀၆.၇၀ | ၄၅၃၅.၂၇ | ၃.၄၃ | ၅.၉၈ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၂၂၈၀.၈၅ | ၃၂၄၄၃.၄၀ | ၂၉၁၄၁.၇၀ | ၀.၅၀ | ၁၁.၃၃ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၈၇၅.၉၈ | ၃၀၃၉၃.၁၄ | ၂၈၂၃၅.၉၆ | ၁.၇၃ | ၇.၆၄ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၁၃.၇၂ | ၃၃၂၉.၂၀ | ၃၂၉၇.၇၉ | ၀.၄၇ | ၀.၉၅ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၀၇၅.၄၂ | ၁၄၉၈.၇၄ | ၁၀၇၆.၄၇ | ၃၉.၃၆ | ၃၉.၂၃ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၅၆.၅၁ | ၂၃၄၈.၉၅ | ၂၇၄၈.၅၃ | -၀.၃၂ | -၁၄.၅၄ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၂၆.၃၁ | ၁၁၂၅.၅၀ | ၁၀၃၅.၂၈ | -၀.၀၇ | ၈.၇၁ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၃၃၆.၈၄ | ၂၄၉၇.၃၇ | ၃၀၄၆.၂၄ | ၆.၈၇ | -၁၈.၀၂ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၉၇၉.၀၀ | ၉၃၃.၆၀ | ၁၃၆၈.၂၀ | -၄.၆၄ | -၃၁.၇၆ |
| ၂၁ | လုံချည် | ၂/၆၄–ကျားဝတ် | ထည် | ၅၂၁၀.၆၄ | ၅၂၅၂.၈၄ | ၄၇၈၀.၂၁ | ၀.၈၁ | ၉.၈၉ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၃၀၇.၉၇ | ၅၃၁၁.၆၃ | ၅၀၈၂.၅၁ | ၀.၀၇ | ၄.၅၁ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၀၀၁၅၂၀.၃၅ | ၉၈၅၄၁၉.၉၁ | ၈၈၈၀၉၇.၇၉ | -၁.၆၁ | ၁၀.၉၆ |
| ၂၄ | ထင်း | | ပိဿာ | ၃၃၄.၉၂ | ၃၃၄.၉၂ | ၃၁၉.၃၅ | ၀.၀၀ | ၄.၈၈ |
| ၂၅ | မီးသွေး | | ။ | ၆၅၃.၇၁ | ၆၅၇.၂၁ | ၆၂၀.၁၃ | ၀.၅၃ | ၅.၉၈ |
| ၂၆ | ဖယောင်းတိုင် | ၃၂–တိုင် | ထုပ် | ၄၃၅.၅၃ | ၄၃၈.၁၆ | ၄၀၈.၉၅ | ၀.၆၀ | ၇.၁၄ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | – | ၁၀၉၅.၉၁ | ၁၀၉၅.၉၁ | ၁၀၂၅.၄၃ | ၀.၀၀ | ၆.၈၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၅၀၃.၀၆ | ၄၆၅၁.၉၇ | ၃၉၃၈.၈၀ | ၃.၃၁ | ၁၈.၁၁ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၉၂၈.၀၆ | ၄၂၃၄.၇၈ | ၃၉၀၅.၄၈ | ၇.၈၁ | ၈.၄၃ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | | ၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | | ၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၅.၈၇ | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ |